Burmese

CLSR ဝန်ထမ်းများက မည်သူတွေလဲ။

CLSR ဝန်ထမ်းများမှာ ယဉ်ကျေးမှုနှင့် နောက်ခံများမျိုးစုံရှိကြသော လေ့ကျင့်သင်တန်းဆင်း အတတ်ပညာရှင်များဖြစ်ကြပါသည်။ ၎င်းတို့သည် အခက်အခဲမျိုးစုံ ကြုံတွေ့နေကြရသူများအား ကူညီပေးရန် အထူးလေ့လာသင်ကြားထားကြသူများဖြစ်ပါသည်။ ယင်းအခက်အခဲများသည် ဝန်ဆောင်မှုရသူ၏ အတိတ်က သို့မဟုတ် လက်ရှိအခြေအနေနှင့် ပတ်သက်မှုရှိကောင်းရှိနိုင်မည်။

အကယ်၍ ဝန်ဆောင်မှုရသူသည် အင်္ဂလိပ်စကား မဟုတ်ဘဲ အခြားဘာသာစကားဖြင့် ပြောဆိုရန် ပိုနှစ်သက်လျှင်ကော။

CLSR ဝန်ထမ်းများသည် ဘာသာစကားအမြောက်အများကို ပြောဆိုတတ်ကြပြီး၊ လိုအပ်လာလျှင် ၎င်းတို့သည် ကြေးစား စကားပြန်များကို အသုံးပြုကြပါသည်။

ဝန်ဆောင်မှုရသူ၏ အချက်အလက်များကို လျှို့ဝှက်ထားမည်လား။

CLSR မှ ရရှိသည့် အထောက်အပံ့များ အားလုံးကို လျှို့ဝှက်ထားပါသည်။ ဝန်ဆောင်မှုရသူက ကျွန်ုပ်တို့အား ခွင့်ပြုသည့်အခါမှသာ New Horizons နှင့် STARTTS တို့က ထိုသူ၏ အချက်အလက်များကို ထုတ်ဖော်လိမ့်မည်ဖြစ်ပြီး ၎င်းမှာ ထိုသူအား ကူညီရန် အတွက်ဖြစ်သည်။ သို့သော် အကယ်၍ထိုသူက သူတို့ကိုယ်သူတို့အား သို့မဟုတ် အခြားသူတစ်ဦးဦးအား အန္တရာယ်ပြုနိုင်ဖွယ်ရှိမည်ဟု ကျွန်ုပ်တို့အား ပြောခဲ့ပါက ထိုသူ သို့မဟုတ် အခြားသူအား ကာကွယ်ရန်အလို့ငှာ CLSR ဝန်ထမ်းအနေနှင့် အခြားအဖွဲ့အစည်းများ ပါဝင်ပတ်သက်စေရန် လိုအပ်လာလိမ့်မည်ဖြစ်သည်။ အစီအစဉ်ကို စေတနာဖြစ် ကူညီ၍ အကဲဖြတ်ပေးရန်အတွက် လက်ရှိတွင် CLSR ထံမှ ဝန်ဆောင်မှု ရယူနေကြသူများအား ဆက်သွယ်ကောင်းဆက်သွယ်မည်ဖြစ်ပါသည်။

STARTTS အကြောင်း

STARTTS သည် အကျိုးအမြတ်မယူသော အထူးကျွမ်းကျင်မှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ပြီး လူများနှင့် လူမှုအသိုင်းအဝိုင်းများအား ၎င်းတို့၏ ဉာဉ်ပန်းနိုပ်စက်ခံခဲ့ရသည့် ဒဏ်များ၊ ဒုက္ခသည်ပိုင်းဆိုင်ရာ စိတ်ဒဏ်များတို့ကို ကုသပေးခြင်းအပြင်၊ ဩစတြေးလျားတွင် မိမိတို့၏ ဘဝများကို ပြန်လည်ထူထောင်ကြရာ၌ ယဉ်ကျေးမှုနှင့် လိုက်ဖက်ညီမှုရှိသော စိတ်ပိုင်းဆိုင်ရာ ကုသပေးမှုနှင့် အထောက်အပံ့များအရလည်းကောင်း လူမှုအသိုင်းအဝိုင်းပိုင်း ကြားဝင်ဆောင်ရွက်ပေးမှုများအရလည်းကောင်း နှစ်ပေါင်း ၃၀ ကျော်အတွက် ကူညီပေးခဲ့ပါသည်။ STARTTS သည် အဖွဲ့အစည်းများကို လေ့ကျင့်သင်တန်းများ ပို့ချပေးခြင်း၊ ရှေ့ဆောင်ပေးသည့်အလုပ်နှင့် မူဝါဒပိုင်းအလုပ်တို့အရ လုံးဝသေချာမှုရှိသော နာလန်ထ ပတ်ဝန်းကျင်တစ်ခုကိုလည်း မြေတောင်မြှောက်ပေးပါသည်

www.startts.org.au

STARTTS ကို **02 9646 6666** ၌ ဆက်သွယ်ပါ

(ရုံးတည်နေရာများ အသေးစိတ်အတွက် **www.startts.org.au/contact** ၌ကြည့်ပါ)

New Horizons (မိုးကုပ်စက်ပိုင်းသစ်) အကြောင်း

ကျွန်ုပ်တို့၏ New Horizons အဖွဲ့အစည်းသည် လူများ၏ ကျောင်းကျိုးသုခ တိုးတက်မြင့်မားလာရန်နှင့် အလားအလာရှိသော စွမ်းပကားများ ပေါ်ထွန်းလာရန် ကျယ်ပြန့်မှုရှိသော ဝန်ဆောင်မှုမျိုးစုံနှင့် အထောက်အပံ့မျိုးစုံတို့ဖြင့် ပံ့ပိုးပေးပါသည်။ New Horizons သည် နှစ်ပေါင်းဆယ်အတွင်း လူအလှာပေါင်းစုံမှ ထောင်နှင့်ချီ ဩစတြေးလျား ပြည်သူများ၏ ကောင်းကျိုးသုခ တိုးမြင့်လာစေရေးအတွက် ကူညီခဲ့ပါသည်။ ကျွန်ုပ်တို့သည် မသန်စွမ်းမှု၊ စိတ်ကျန်းမာရေးနှင့် သက်ကြီးရွယ်အို စောင့်ရှောက်မှုတို့ကို အထူးပြုပါသည်။ ကျွန်ုပ်တို့သည် အထူးအကြံဉာဏ်ပေးခြင်းမှစ၍ နေ့စဉ်လူနေမှု ကျွမ်းကျင်မှုများဆိုင်ရာ လက်တွေ့အထောက်အပံ့များအထိ၊ လူများ၏ ကောင်းကျိုးသုခကို တိုးတက်ကောင်းမွန်စေသော ကျယ်ပြန့်လှသည့် အထောက်အပံ့မျိုးစုံကို ကမ်းလှမ်းပေးပါသည်။ ကျွန်ုပ်တို့၌ အတွေ့အကြုံနှင့် မိတ်ဖက်အဖွဲ့အစည်း ၄၀၀ ကျော် ကျယ်ပြောသော ကွန်ရက်ရှိခြင်းမှာ ကျွန်ုပ်တို့ထံ၌ သင့်ကောင်းကျိုးသုခ ပိုမိုကောင်းမွန်စေရေးအတွက် အချိတ်အဆက်များနှင့် ကျွမ်းကျင်မှုများရှိခြင်းကို ဆိုလိုပါသည်။

www.newhorizons.org.au

New Horizons ကို **1300 726 372** ၌ဆက်သွယ်ပါ။

NSW GOVERNMENT Health

CLSR ကို NSW Health မှ ရန်ပုံငွေ ထောက်ပံ့ပါသည်။

STARTTS

newhorizons
wellbeing. done well.

ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံနေကြသူများအတွက်

လူမှုအသိုင်းအဝိုင်း၌ နေထိုင်မှု နှင့် စပ်ဆိုင်သော အထောက်အပံ့များ

(COMMUNITY LIVING SUPPORTS FOR REFUGEES AND ASYLUM SEEKERS – CLSR)

လူများ၌ မိမိကိုယ်မိမိ ယုံကြည်မှုရှိရေးကို ထူထောင်ပေးရန်၊ ၎င်းတို့၏ ကျန်းမာရေး၊ ကောင်းကျိုးသုခနှင့် အခြားသူများဖြင့် ဆက်သွယ်ထားရှိမှုတို့ကို ပိုမိုကောင်းမွန်စေရန် ကူညီထောက်ပံ့ပေးနေပါသည်။

CLSR အစီအစဉ်က မည်သူ့အတွက်လဲ။

ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံနေကြသူများအတွက် လူမှုအသိုင်းအဝိုင်း၌ နေထိုင်မှုနှင့်စပ်ဆိုင်သော အထောက်အပံ့များ (Community Living Supports for Refugees and Asylum Seekers – CLSR) အဖွဲ့အစည်းသည် မိမိတို့၏ နေ့စဉ်ဘဝနှင့် လူပ်ရှားမှုများကို အကြီးအကျယ် ရိုက်ခိုက်နေသည့် ကောင်းကျိုးသုခနှင့်သက်ဆိုင်သော စိန်ခေါ်မှုများကို ကြုံတွေ့နေကြရသူများနှင့် လက်တွဲလုပ်ကိုင်ပါသည်။ ယင်းစိန်ခေါ်မှုများသည် လူတစ်ဦး၏ အတိတ်က သို့မဟုတ် ဩစတြေးလျားရှိ အခက်အခဲများနှင့် သက်ဆိုင်နိုင်ပါသည်။

CLSR သည် ဒုက္ခသည် နောက်ခံရှိကြသူများနှင့် လွန်ခဲ့သော ၁၀ နှစ်အတွင်း ဩစတြေးလျားသို့ ဆိုက်ရောက်လာသည့် အသက်အရွယ်မရွေး ခိုလှုံခွင့် တောင်းခံနေကြသူများအတွက်ဖြစ်ပါသည်။

CLSR ၏ အထောက်အပံ့ကို ရယူရန်အတွက် စိတ်ရောဂါရှိသည့် လူနာများဖြစ်ရန် မလိုသော်လည်း ၎င်းတို့သည် မိမိတို့၏ နေ့စဉ်ဘဝနှင့် လူပ်ရှားမှုများကို အကြီးအကျယ် ရိုက်ခိုက်နေသော ကောင်းကျိုးသုခနှင့်သက်ဆိုင်သည့် ဆက်လက်ဖြစ်နေမြဲ ပြဿနာများကို ရင်ဆိုင်နေကြရသူများဖြစ်ရပါမည်။

လူတစ်ဦးက CLSR ထံမှ အကူအညီကို ဘာကြောင့်လို အပ်နိုင်ကောင်းမလဲ။

လူတစ်ဦးအနေနှင့် ကြုံတွေ့နေနိုင်ကောင်းသော ဖြစ်ရိုးဖြစ်စဉ် အခက်အခဲများ၌ အောက်ပါတို့ပါဝင်နိုင်ကြပါသည်။

- အကြိမ်ပေါင်းများစွာ ဆေးရုံတက်နေရခြင်း
- ဆေးရုံမှ မကြာသေးမီက ဆင်းလာခြင်း
- အချိန်ကြာမြင့်စွာ စိတ်သောကရောက်နေခြင်း
- အထီးကျန်၍ အကူညီမဲ့နေပြီး ဖျော်လင့်ချက် ကင်းမဲ့နေသည်ဟု ခံစားရခြင်း
- နေ့စဉ် လုပ်ငန်းဆောင်တာများနှင့် လုပ်ရိုးလုပ်စဉ်များကို ကိုင်တွယ်လုပ်ကိုင်ရန် ခက်ခဲနေခြင်း
- မိမိဘဝကို မထိန်းချုပ်နိုင်ဟု ထင်မှတ်နေပြီး မိမိကိုယ်မိမိ ဂရုစိုက်ရန် ခက်ခဲနေခြင်း
- ခေါင်းကိုက်နေခြင်းနှင့် နာကျင်နေခြင်း
- အိပ်စက်ခြင်းဆိုင်ရာ ပြဿနာများနှင့် အိပ်မက်ဆိုးများ
- အပျက်သဘောဆောင် အတွေးများ၊ အာရုံစူးစိုက်မှုနှင့် မှတ်ဉာဏ်တို့ဖြင့် စပ်ဆိုင်သော အခက်အခဲများတို့ဖြစ်ပါသည်။

CLSR အစီအစဉ်က မည်ကဲ့သို့ အထောက်အကူပြုနိုင်မလဲ။

CLSR သည် လူများအား ရည်မှန်းချက်ပန်းတိုင်များကို ချမှတ်ရန်၊ မိမိတို့ကိုယ်မိမိ ယုံကြည်မှုကို တည်ဆောက်ရန်၊ မိမိတို့၏ ကျန်းမာရေး၊ ကောင်းကျိုးသုခနှင့် အခြားသူများဖြင့် အဆက်အသွယ်တို့ကို တိုးတက်ကောင်းမွန်စေရန် တစ်ဦးချင်းလိုက် ကူညီပံ့ပိုးပေးပါသည်။ CLSR သည် လူများအနေနှင့် မိမိတို့ကိုယ်တိုင် ညွှန်ပေးသည့် အထောက်အပံ့အပြင် အကယ်၍လိုအပ်လာလျှင် မိသားစုတစ်ခုလုံး ပါဝင်ထောက်ကူမှုဖြင့် တည်တံ့ခိုင်မြဲ၍ အဓိပ္ပာယ်ရှိသည့် ဘဝထူထောင်နိုင်ရေးကို အထောက်အကူပြုရန် ရည်ရွယ်ပါသည်။ CLSR သည် လူများအား ၎င်းတို့၏ဘဝတွင် အခြားလူများ သို့မဟုတ် ဝန်ဆောင်မှုအဖွဲ့အစည်းများဖြင့် ချိတ်ဆက်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်တို့အတွက်လည်း ပံ့ပိုးပေးပါလိမ့်မည်။

ဝန်ဆောင်မှုများ၌ အောက်ပါတို့ ပါဝင်ကောင်းပါဝင်နိုင်ပါသည်။

လက်တွေ့ကျသော အထောက်အပံ့၏ အချို့ဥပမာများမှာ အောက်ပါအတိုင်းဖြစ်နိုင်ပါသည်။

- စျေးဝယ်ခြင်း၊ သယ်ယူပို့ဆောင်ရေး၊ သန့်ရှင်းရေး၊ ဆေးပါး သောက်သုံးမှု စီမံခန့်ခွဲရေးနှင့် ဆေးကုသမှုဆိုင်ရာ ရက်ချိန်းများသို့ သွားရောက်ရေးတို့ကဲ့သို့သော နေ့စဉ် လုပ်ငန်းဆောင်တာများကို ကူညီလုပ်ကိုင်ပေးရန် အထောက်အပံ့။
- နေထိုင်ရန်နေရာကို ရှာဖွေတွေ့ရန်နှင့် ဆက်လက်ထားရှိရန် အထောက်အပံ့။
- လူများအား ယဉ်ကျေးမှု အခမ်းအနားများ၊ လူမှုအသိုင်းအဝိုင်း လှုပ်ရှားမှုများ၊ အားကစားနှင့် ကိုယ်လက်ကျန်းမာရေး လှုပ်ရှားမှုများနှင့် ချိတ်ဆက်ပေးခြင်း ကဲ့သို့သော လူမှုအသိုင်းအဝိုင်းနှင့် အပန်းဖြေခြင်းဆိုင်ရာ အထောက်အပံ့တို့ဖြစ်ကြပါသည်။

CLSR ဝန်ထမ်းများက လူတစ်ဦး၏ စိန်ခေါ်မှုများကို မည်ကဲ့သို့ နားလည်မလဲ။

CLSR ဝန်ထမ်းများသည် လူတစ်ဦး၏ အတုမရှိသော အခြေအနေနှင့် စိန်ခေါ်မှုများကို နားထောင်ရန်နှင့် နားလည်ရန် စိတ်ဝင်စားကြပါသည်။

CLSR ဝန်ထမ်းများသည် ယဉ်ကျေးမှုနောက်ခံ အမျိုးမျိုးရှိကြပြီး ဒုက္ခသည်နောက်ခံရှိကြသူများ၏ အတွေ့အကြုံများနှင့် ယဉ်ကျေးမှုများကို ကောင်းမွန်စွာ နားလည်ကြပါသည်။

CLSR သို့ လွှဲပြောင်းပေးခြင်း

CLSR သည် ကာယကံရှင်ကိုယ်တိုင် မိမိကိုယ်မိမိ လွှဲပြောင်းပေးခြင်းအပါအဝင် မည်သည့်ရင်းမြစ်ဌာနကမဆို လွှဲပြောင်းပေးခြင်းများကို လက်ခံပါသည်။ လွှဲပြောင်းပေးရန် သို့မဟုတ် နောက်ထပ်အချက်အလက်များအတွက်၊

New Horizons ကို **1300 726 372** ၌ ဖုန်းဆက်ပါ
သို့မဟုတ် STARTTS **02 9646 6666** (CLSR ကို တောင်းပါ)
အီးမေးလ်။ **STTS-CLSRintake@health.nsw.gov.au**

လွှဲပြောင်းပေးပြီးနောက် ဘာဖြစ်မလဲ။

လွှဲပြောင်းပေးခြင်းများအားလုံးတွင် လူများအား အစီအစဉ်၌ စာရင်းသွင်း လက်မခံမီ အကဲဖြတ်စိစစ်သူမှ လူကိုယ်တိုင်ကိုယ်ကျ စိစစ်ပေးမည့် အခွင့်အရေးကို ရရှိကြလိမ့်မည်ဖြစ်ပါသည်။

CLSR က မည်မျှ ကုန်ကျမလဲ။

လူများအတွက် ကျွန်ုပ်တို့ကူညီပေးသည့် CLSR ဝန်ဆောင်မှုများအားလုံးမှာ အခမဲ့ဖြစ်ပါသည်။

လူများက CLSR ၏ အကူအညီကို မည်သည့်နေရာမှ ရရှိနိုင်မလဲ။

STARTTS နှင့် New Horizons CLSR တည်နေရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- အနောက် ဆစ်ဒနီ အတွင်းပိုင်း
- အနောက်တောင် ဆစ်ဒနီ
- နယူး ကာဆယ်
- အာမီဒေးလ်
- ကော့ဖစ် ဟာဘာ

ဝန်ဆောင်မှု ရယူလိုသူက မည်သည့် နေရာသို့သွားရန် လိုအပ်သလဲ။

CLSR ဝန်ထမ်းများသည် ဝန်ဆောင်မှု ရယူလိုသူ၏ အိမ်၌ဖြစ်စေ၊ လူမှုအသိုင်းအဝိုင်း၌ဖြစ်စေ သို့မဟုတ် STARTTS သို့မဟုတ် New Horizons ရုံး၌ဖြစ်စေ၊ ၎င်းတို့အတွက် အဆင်ပြေသည့် မည်သည့်နေရာ၌မဆို တွေ့ဆုံပါလိမ့်မည်။

အရပ်ဒေသပေါင်းစုံ၌ရှိသည့် အစီအစဉ်အကြောင်း၏ အသေးစိတ်များကို သိရန်အတွက် အထက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ကျေးဇူးပြု၍ ဆက်သွယ်ပါ။